# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 9, 2019 Volume 24, Number 7


**၉.၁၀.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၀၆ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၃၀၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၃/- ကျပ် |
| CBM Rate | = ၁၅၃၃.၂ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၈၄.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၀.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၇၇.၄ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၂၉.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၃၃.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၄.၉၂ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၅၆၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၇.၉၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၅.၂၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၅၂၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၈၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## မြန်မာနိုင်ငံ၏ ပထမဦးဆုံး ထောပတ်သီးစားပွဲတော် ပြင်ဦးလွင်တွင်ကျင်းပမည်




မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (ပြင်ဦးလွင်) က ပထမဆုံးအကြိမ် ထောပတ်သီးစားပွဲတော်ကို ပြင်ဦးလွင်မြို့တွင် ယခုနှစ်အတွင်း ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ ထောပတ်သီးကို ပြည်တွင်းစားသုံးသူတွေ ပိုမိုစားသုံးနိုင်အောင် စိုက်ပျိုးမှုပိုင်းဆိုင်ရာမှာလည်း အခုထက်ပိုမို တိုးတက်လာစေဖို့ ရည်ရွယ်ကျင်းပတာဖြစ်ပါတယ်။ ကျင်းပမယ့်ရက်ကတော့ ပြင်ဦးလွင်ပန်းပွဲတော် ကျင်းပတဲ့လဖြစ်တဲ့ ဒီဇင်ဘာလထဲမှာလုပ်ဖို့ရှိပါတယ်။ နေရာကတော့ ပြင်ဦးလွင်စင်တာမှာလုပ်ဖို့ စီစဉ်ထားပါတယ်ဟု မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဒုဥက္ကဋ္ဌ ဦးမျိုးညွန့်ကပြောသည်။ ထောပတ်သီးစားသုံးသူ အရေအတွက်မြင့်တက်လာစေရန်၊ စားသုံးနိုင်သည့်နည်းလမ်းများ၊ ထောပတ်သီးကရရှိသော အဆီဖြင့် အလှကုန်များထုတ်လုပ်နိုင်ခြင်းကို သိရှိလာစေရန်၊ ထောပတ်သီးမှ မြန်မာ့ထမင်းဝိုင်းတွင် ထည့်သွင်းချက်ပြုတ်နိုင်သော ဟင်းနည်းများစသည့်တို့ကို စားသုံးသူပြည်သူများ ပိုမိုသိရှိစေရန် ပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။ ပွဲတော်မှာ အနယ်နယ်အရပ်ရပ်က ထောပတ်သီးအမျိုးအစားတွေ အကုန်လုံးကိုပါဝင်ပြသမှာဖြစ်သလို ဝယ်ယူ စားသုံးနိုင်မှာဖြစ်တယ်။ အဆင့်မြင့်ထုတ်ကုန်အဖြစ် ပြုလုပ်ထားတဲ့ ထောပတ်သီးဖျော်ရည်၊ ထောပတ်သီးပူတင်းနဲ့တခြားထုတ်ကုန်တွေကိုလည်း တစ်နေရာတည်းမှာ ဝယ်ယူနိုင်အောင် စီစဉ်ပေးထားမှာဖြစ်ပါတယ်။ အဲဒီပွဲမှာ ဆိုင်ခန်းဖွင့်လှစ်ရောင်းချလိုသူတွေအတွက် လည်း စီစဉ်ပေးမှာဖြစ်ပါတယ်ဟု ၎င်းကဆက်လက်ပြောသည်။ ထို့ပြင် ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံ၊ ပန်းမန်များ စုံလင်စွာထွက်ရှိသည့် ဒေသဖြစ်သောကြောင့် လာရောက်လေ့လာမှုများ

ပိုမိုပြုလုပ်စေခြင်းအပြင် ပန်းမန်နှင့် သီးနှံများအားလုံး ဖွံ့ဖြိုးတိုးတက် လာစေရန် အသင်းကလုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း၊ ပိုမိုတိုးတက်စေရေးအတွက် မူဝါဒများချမှတ်ကာ စိုက်ပျိုးသူများကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ ထောပတ်သီးကို ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ပြင်ဦးလွင်တို့တွင် အဓိကထားစိုက်ပျိုးကာ မြန်မာနိုင်ငံတစ်ဝန်းလုံး စိုက်ပျိုးကောခြောက်သောင်းခန့်ရှိကြောင်းသိရသည်။

**Source: မြန်မာတောင်သူကြီးများဂျာနယ်**

http://htwettoe.com/article-details/news/7973021

## ကလေးမြို့ သီတင်းကျွတ်အကြိုကာလ လက်လုပ်မီးပုံးများ ရောင်းအားကျဆင်း



စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် သီတင်းကျွတ်အကြိုကာလ ဒေသတွင်းပြုလုပ်သော မီးပုံးများ၊ မုံရွာ၊ မန္တလေးဘက်မှလာသည့် မြန်မာပြည်ဖြစ်မီးပုံးများ၊ တရုတ်ပြည်မှ တင်သွင်းသော မီးပုံးများဈေးကွက်အတွင်း ဖြန့်ချီရောင်းချလျက်ရှိသည်။ ကလေးဒေသတွင်ဒေသတွင်း မီးပုံးများကို ရှေးယခင်မှအစပြု၍ ပြုလုပ်ရောင်းချမှုများ ရပ်ကွက်အလိုက်ရှိရာ ယခုနှစ်ဝါးရှားပါးမှု၊ မီးပုံးပြုလုပ်သည့်စက္ကူများ အခက်အခဲရှိခြင်းနှင့် မီးပုံးပြုလုပ်သူများ နည်းပါးလာကြောင်း ကလေးမြို့ ဒေသခံ ဦးအောင်ကျော်ကပြောဆိုသည်။ ကလေးမြို့ပေါ်တွင် လက်လုပ်မီးပုံးများနှင့် တရုတ်ပြည်ဘက်မှလာသည့် တရုတ်မီးပုံး၊ မုံရွာ၊ မန္တလေးဘက်မှလာသည့် ရောင်စုံမီးပုံး ရောင်းချသူ ၁၀ ဦးဝန်းကျင်ရှိပြီး ကလေးမြို့လမ်းဆုံတွင် ဆိုင်အများဆုံးဖြစ်သည်။

ဒေသလက်ဖြစ် မီးပုံးများနှင့် မုံရွာ၊ မန္တလေးဘက်မှလာသော လက်ဖြစ်မီးပုံးများမှာ ပလုတ်တုတ် မီးပုံးငယ်တစ်လုံးလျှင် ကျပ် ၅၀ ဝန်းကျင်ရှိပြီး ရောင်စုံမီးပုံးရိုးရိုး ကျပ် ၂၀၀၊ သံဖရိန်မီးပုံးရောင်စုံ ကျပ် ၅၀၀၊ ယုန်ရုပ် ကျပ် ၃,၀၀၀၊ လိပ်ပြာ ကျပ် ၂,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ဒေသဖြစ်မြန်မာမီးပုံးတွေက ဖယောင်းမီးထည့်ထွန်းရတော့ မီးအန္တရာယ်ကြောက်ရတယ်။ နောက်ပြီး တစ်ခါသုံးဖြစ်တယ်။ နောက်နှစ်သုံးမရတော့ဘူး။ တရုတ်မီးပုံးက လျှပ်စစ်မီးနဲ့သုံးရပြီး သန့်ရှင်းသပ်ရပ်တယ်။ ဈေးချိုတယ်။ ရောင်စုံရတယ်။ နောက်နှစ်တွေအထိသုံးရတယ်။ ပြီးတော့ မီးအန္တရာယ်မစိုးရိမ်ရဘူးဟု ဒေသခံ ဦးပေါကပြောဆိုသည်။

ကလေးဒေသတွင် တောရောမြို့ပါ လျှပ်စစ်မီးရနေပြီဖြစ်ရာ တချို့ဆိုလာစနစ်ဖြင့် တရုတ်ပြည်ဘက်မှလာသည့် သီတင်းကျွတ်မီးပုံးအလှများ အရောင်းသွက်နေသည်။ တရုတ်ပြည်ဖြစ် ရောင်စုံမီးပုံးငယ်များမှာ တစ်လုံး ကျပ် ၂၀၀ တန်မှ မီးပုံးအကြီးတစ်လုံး ကျပ် ၁၅၀၀၀ တန်အထိ လည်းကောင်း၊ တရုတ် မီးပလုတ် တုတ် ကျပ် ၅၀၀၀ နှင့် မီးရှူးမီးပန်းများ ကျပ် ၅၀ တန်မှ ကျပ် ၁၀၀၀၀ တန်အထိရှိကြောင်း ကလေးမြို့ လမ်းဆုံသီတင်းကျွတ်မီးပုံးမျိုးစုံရောင်းချ သည့် ဆိုင်ရှင် ဒေါ်အေးက ပြောဆိုခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/129343.html

## မတ်ပဲကို ပဲမျိုးစုံ သိုလှောင်သူများက ဝယ်ယူမှုများလာသဖြင့် ဈေးနှုန်းများမြင့်တက်လာ




မန္တလေးပဲမျိုးစုံဈေးကွက်အတွင်း၌ မတ်ပဲ၊ နှမ်းတို့မှာ အရောင်းအဝ ကောင်းနေပြီး ဈေးနှုန်းများ မြင့်တက်လျက်ရှိသည်။ သို့သော် အခြားပဲမျိုးစုံမှ ပုံမှန်အရောင်း အဝယ်ဖြစ်ကာ ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း ပွဲစား၊ ကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်းကသိရသည်။

အိန္ဒိယနိုင်ငံတွင် မိုးကြီးမှုကြောင့် မိုးမတ်ပဲစိုက်ခင်းများ ပျက်စီးခဲ့သည် ဆိုသည့်သတင်းကြောင့် ပြည်တွင်းရှိသိုလှောင်သူများက သိသိသာသာ ဝယ်ယူမှုပြုလုပ်လာသဖြင့် စက်တင်ဘာ ၂၇ ရက်က သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၈၁ဝဝဝ ရှိရာမှ အောက်တိုဘာ ၄ ရက်တွင် ကျပ် ၈၂ဝဝဝ အထိ ဈေးတိုးမြှင့်ဝယ်ယူလာသည်။ အိန္ဒိယမှာဖြစ်သွားတဲ့ အခြေအနေကြောင့် ဈေးကွက်ထဲမှာ လှောင်သမားတွေက ဈေးကောင်းနိုင်မယ်ဆိုပြီး ဝယ်ယူစုဆောင်းလာကြတယ်။ ဒါကြောင့် မတ်ပဲ ထိပ်စတွေ ဒီရက်ပိုင်းအတွင်း တော်တော်လေးအရောင်းအဝယ်ဖြစ်နေတယ်။ ဈေးကအနည်းငယ်ထပ်တက်နိုင်မယ့် အခြေအနေမှာရှိတယ်ဟု ကုန်သည်ဦးစိုးနိုင်ကပြောသည်။

ရန်ကုန်ဝယ်လက်များ ဝယ်ယူမှုနည်းပါးသွားခြင်းကြောင့် အရောင်းအဝယ်အေးနေသည်။ သို့သော် ဈေးနှုန်းမှာ ကျဆင်းခြင်း မရှိဘဲ သုံးတင်းဝင်တစ်အိတ်လျှင် ပဲစင်းငုံ(နီ)သစ်ထိပ်စ ကျပ် ၈၂ဝဝဝ မှ ကျပ် ၈၅ဝဝဝ ဖြင့် ဈေးနှုန်းတည်ငြိမ်နေသည်။ ထို့ကြောင့် ပဲစင်းငုံသည် ဈေးနှုန်းအတက်၊ အကျမှာ စောင့်ကြည့်ရမည့် အနေအထားတွင် ရှိနေကြောင်း ကုန်သည်များထံမှ သိရသည်။

ပြည်တွင်း စားသောက်ကုန် လုပ်ငန်းများတွင် အသုံးပြုရန်အရေအတွက် အနည်းငယ်သာ ဝယ်ယူမှု ရှိနေသော်လည်း ဈေးကွက်အတွင်း ကုန်ပစ္စည်း မပေါသဖြင့် ဈေးနှုန်းကျဆင်းသွားခြင်း မရှိပေ။ ထို့ကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ကုလားပဲ(ထိုင်ဝမ်) ကျပ် ၇၉ဝဝဝ ၊ ကုလားပဲ(ဗွီတူး) ကျပ် ၇၉ဝဝဝ ၊ ကုလားပဲ (နိုင်းတူးနိုင်း) ကျပ် ၇၇ဝဝဝ ရှိနေသည်။

ပြည်တွင်း၌ နှမ်းရောင်စုံ လှိုင်လှိုင်ထွက်ရှိနေသလို တရုတ်က ဆက်တိုက်ဝယ်ယူနေသဖြင့် နှမ်းနက်(စမုန်)၊ နှမ်းနက် ရိုးရိုးတို့မှာ ဈေးနှုန်းအနည်းငယ် မြင့်တက်ကာအရောင်းအဝယ်ဖြစ်နေသည်။ ထို့ကြောင့် စက်တင်ဘာ ၂၇ ရက်က သုံးတင်းဝင်တစ်အိတ်လျှင် နှမ်းနက်(စမုန်) ကျပ် ၂၅၅ဝဝဝရှိရာမှ အောက်တိုဘာ ၄ ရက်တွင် ကျပ် ၂၅၆ဝဝဝ ၊ နှမ်းနက်(ရိုးရိုး) ကျပ် ၂၁၅ဝဝဝမှ ကျပ် ၂၂၅ဝဝဝ သို့ အနည်းငယ်မြင့်တက်လာသည်။ နှမ်းဈေးကွက်က ခန့်မှန်းရခက်တယ်။ အတက်အကျ ကလည်း ကြမ်းတယ်။ အခုအနေအထားကတော့ အသစ်ထွက်လာပေမယ့် ဈေးနှုန်းကျမယ့်အနေအထားမှာမရှိသေးဘူး။ ဒီဈေးနှုန်းက တောင်သူတွေလည်း ကိုက်တဲ့ဈေးနှုန်းဖြစ်တဲ့အတွက် သိသိသာသာကြီး ထပ်တက်မယ်လို့တော့မထင်ဘူးဟု မန္တလေးကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမျိုးဆွေကသုံးသပ်သည်။

**Source: မြန်မာတောင်သူကြီးများဂျာနယ်**

http://htwettoe.com/article-details/news/7969289

## ရော်ဘာကဏ္ဍအတွက် အသေးစားခြံများ ဖွံ့ဖြိုးတိုးတက်ရေး အဓိကဆောင်ရွက်ရန်လို




မြန်မာနိုင်ငံ၏ ရော်ဘာစိုက်ပျိုး၊ ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ဧက၂၀ အောက်သာပိုင်သည့် ရော်ဘာခြံငယ်ပိုင်ရှင်များ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားဆောင်ရွက်ရန် အရေးကြီးကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားခဲ့သည်။ နိုင်ငံတွင်း ရော်ဘာစိုက်ပျိုးမှု၏ ၉၀ရာခိုင်နှုန်းကျော်မှာ စိုက်ဧက ၂၀ အောက်သာရှိသည့် ရော်ဘာခြံငယ်များ ဖြစ်သည့် အတွက် ကဏ္ဍကြီးတစ်ခုလုံး တိုးတက်ရန် အသေးစားခြံများက အရေးကြီးနေခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံတွင် ပထမဆုံး လက်ခံပြုလုပ်သည့် နိုင်ငံတကာရော်ဘာညီလာခံတွင် ဒေါက်တာအောင်သူက ပြောကြား ခြင်းဖြစ်သည်။ ရော်ဘာစိုက်ပျိုးမှု၏ ၇၀ ရာခိုင်နှုန်းခန့်မှာ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင်ဖြစ်ပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်ခုနစ်ခုတွင်လည်း စိုက်ပျိုးကြသဖြင့် အပူပိုင်းဒေသများမှလွဲ၍ တစ်နိုင်ငံလုံးလိုလို ရော်ဘာစိုက်ပျိုးကြသည်ကိုတွေ့ရကြောင်း ၎င်းကပြောသည်။ မော်တော်ယာဉ်အသုံးပြုမှုများပြားလာပြီး တာယာလိုအပ်ချက် မြင့်မားလာခြင်းကြောင့် နိုင်ငံတွင်း တာယာအလုံအလောက် ထုတ်လုပ်နိုင်လျှင် သွင်းကုန်လျှော့ချနိုင်မည့်အပြင် ပြည်တွင်းရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အတွက်လည်း ဈေးကွက်နှင့်အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာမည်ဖြစ်ကြောင်း ဒေါက်တာအောင်သူက ပြောသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနက ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတကာ ရော်ဘာအဖွဲ့အစည်းများဖြစ်သည့် သဘာဝရော်ဘာထုတ်လုပ်သော နိုင်ငံများအသင်း (ANRPC)၊ အပြည်ပြည်ဆိုင်ရာ ရော်ဘာသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဘုတ်အဖွဲ့ (IRRDB) စသောအဖွဲ့များသို့ ဝင်ရောက်ခွင့်ရရန် ၂၀၁၂ ခုနစ်ကတည်းက ကြိုးပမ်းခဲ့ရာ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် IRRDB အဖွဲ့ဝင်နိုင်ငံဖြစ်လာကြောင်း ပြည်ထောင်စုဝန်ကြီးကပြောသည်။

သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိသော ရော်ဘာစိုက်ပျိုးထုတ်လုပ်ခြင်း၊သစ်တောပြုန်းတီးမှု၊ ဇီဝမျိုးကွဲများ ဆုံးရှုံးမှု၊ ဂေဟစနစ်ပျက်စီးမှုတို့ မဖြစ်သည့် ရေရှည်တည်တံ့နိုင်သော သဘာဝရော်ဘာ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းရန်လည်း လိုအပ်ကြောင်းအကြံပြုပြောသည်။ မြန်မာနိုင်ငံတွင် ၁၉၀၀ ပြည့်နှစ်ခန့်က ရော်ဘာကို စိုက်ဧကတစ်သောင်းခန့်ဖြင့် စီးပွားဖြစ် စတင်စိုက်ပျိုးခဲ့ရာ ၁၉၄၂ ခုနှစ်တွင် စိုက်ဧက ၁ ဒသမ ၁၅ သိန်း ဖြစ်လာခဲ့သော်လည်း ဒုတိယကမ္ဘာစစ်ကြောင့် ရော်ဘာခြံများပျက်စီးခဲ့ရကြောင်း၊ ၁၉၅၆ ခုနှစ်တွင် မြေယာကျေးလက် ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်းက ရော်ဘာလုပ်ငန်းများကို ပြန်လည်ထူထောင်ခဲ့ပြီး ၁၉၆၂ -၆၃ ဘဏ္ဍာနှစ်တွင် စိုက်ဧက ၁ဒသမ ၈၄ သိန်းအထိ တိုးချဲ့လာနိုင်ခဲ့ကြောင်း၊ လက်ရှိ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်တွင် ရော်ဘာစိုက်ဧက စုစုပေါင်း ၁ ဒသမ ၆၂ သန်းခန့်အထိ စိုက်ပျိုးပြီးဖြစ်ကြောင်းသိရသည်။

**Source: မြန်မာတောင်သူကြီးများဂျာနယ်**

http://htwettoe.com/article-details/news/7980002

## ဆားထုတ်လုပ်မှုလျော့နည်းလာခြင်းကြောင့် ဈေးနှုန်းများမြင့်တက်နေ

ယခုနှစ်အတွင်း ဆားထုတ်လုပ်မှု ကျဆင်းခဲ့ခြင်းကြောင့် ဈေးကွက်အတွင်း ဆားဈေးမြင့်တက်လျက်ရှိကြောင်းသိရသည်။ ယခင်နှစ်က ဆားဈေးနှုန်းကျဆင်းခဲ့ခြင်းကြောင့် တောင်သူများက ဆားထုတ်လုပ်မှုများ လျှော့ချခဲ့ခြင်းကြောင့် ဈေးကွက်အတွင်း ဆားဝင်ရောက်မှုလျော့နည်းကာ ဆားကြမ်းတစ်ပိဿာလျှင် လက်လီဈေး ကျပ် ၁၈၀ မှ ကျပ် ၂၂၀ ကြားရှိနေပြီး ယခင်နှစ်ထက် ကျပ် ၆၀ မှ ကျပ် ၂၀၀ အထိ မြင့်တက်နေကာ ဆားချော (အိုင်အိုဒင်းဆား) တစ်ပိဿာလျှင် ကျပ် ၃၀၀ မှ ကျပ် ၅၅၀ကြားရှိ နေကာ ယခင်နှစ်ထက် ကျပ် ၁၀၀ ခန့် မြင့်တက်နေကြောင်း သိရသည်။ မွန်ပြည်နယ် သံဖြူဇရပ်ရှိ ဆားကုန် သည်

ဦးမော်က မွန်ပြည်နယ်မှာက အခုနှစ် ဆားလုပ်ကွင်းတွေ လျော့နည်းလာတယ်။ဒါ့အပြင် ဩဂုတ်လက ရွာသွန်းခဲ့တဲ့ မိုးကြောင့် သံဖြူဇရပ်မြို့နယ်မှာရှိတဲ့ ဆားကွင်းတွေ အများဆုံးပျက်စီးခဲ့သလို ဆားဂိုဒေါင်အများစုလည်းရေနစ်ခဲ့လို့ ဆားပိဿာချိန် သိန်း ၄၀ ကျော်လောက် ပျက်စီးခဲ့တယ်။ ပြည်နယ်အတွင်း ငါးလုပ်ငန်းတွေ အတွက် သုံးစွဲမှုလုံလောက်အောင်ဆောင်ရွက်နိုင်ပေမယ့် တခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို ဖြန့်ဖြူးတာတော့ လျော့နည်းလာတယ်ဟုပြောသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က မွန်ပြည်နယ်၌ ဆားတန်ချိန် စုစုပေါင်း ၃၀၀၀၀ ကျော် ထုတ်လုပ်နိုင်ခဲ့သည်။ သို့သော် လက်ရှိဘဏ္ဍာနှစ်အတွင်း ဆားကြမ်းတန်ချိန်၂၈၀၀၀ ကျော်သာ ထုတ်လုပ်ထားနိုင်ကြောင်း သိရသည်။ မွန်ပြည်နယ်က ထွက်ရှိသော ဆားများကို ပြည်နယ်အတွင်း ငါးပိ၊ ငါးခြောက်လုပ်ငန်းများတွင် အများဆုံး အသုံးပြုပြီးပိုလျှံသည့်ဆားများကို မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့ရှိ ငါးလုပ်ငန်းဈေးကွက်များသို့ အဓိက ဖြန့်ဖြူးကြောင်း သိရသည်။ သံဖြူဇရပ်မြို့နယ်ရှိ ဆားချက် တောင်သူဦးညိုလှိုင်မြင့်က "ဆားကို ပြည်တွင်းမှာပဲ အများဆုံးထုတ်လုပ်ရောင်းချတယ်။ ဆားထုတ်လုပ်တဲ့ ရာသီကုန်ပြီးလေးလလောက်ဆိုရင် ဈေးကွက်မှာ လက်ကျန်ပြတ်သွားတတ်တယ်။ အဲဒီအချိန်ဆိုရင် ဈေးတက်လာတယ်။ ဒီနှစ်ထဲမှာ ဆားဝယ်ယူမှုတွေ ပိုများခဲ့လို့ သုံးစွဲမှုလည်း တက်လာတယ်လို့ ပြောနိုင်တယ်" ဟု ပြောသည်။ တောင်သူများက ဆားချက်လုပ်ငန်းများ တိုးချဲ့ခြင်း၊ စက်ရုံများတည်ထောင်ခြင်းနှင့် ဈေးကွက်ချိတ်ဆက်မှုတို့ အတွက်ငွေကြေးအရင်းအနှီး အခက်အခဲများရှိနေကြောင်း ပြောသည်။ ထို့အတူ နေလှန်းဆား ထုတ်လုပ်မှုများသည့် ဧရာဝတီတိုင်းဒေသကြီးတွင်လည်း တောင်သူများက ဆားထုတ်လုပ်ရန် စိတ်ဝင်စားမှု လျော့နည်းလာခြင်းသည် ဆားထုတ်လုပ်ဧကကို လျော့နည်းလာစေကြောင်း လပွတ္တာခရိုင်၊ ပြင်စလူမြို့နယ်ရှိ ကုန်သည်တစ်ဦးဖြစ်သူ ဦးကျော်လင်းက ပြောသည်။

ကျဆင်းလာတဲ့ ဆားဈေးကွက်မှာ ကုန်ကြမ်းထုတ်လုပ်မှုစရိတ်မြင့်မားနေပြီးတော့ ဆားဈေးနှုန်းတွေ ကျဆင်း လာတာကို ပြန်လည်ထူထောင်နိုင်ဖို့ဆိုရင် အရင်းအနှီးတွေလိုအပ်တယ်။ တိုင်းဒေသကြီးအတွင်းမှာ တစ်နှစ်ထက် တစ်နှစ် ဆားထုတ်လုပ်မှုကျဆင်းနေတယ်။ ဈေးက နှစ်နှစ်၊ သုံးနှစ်မကောင်းတော့ ဆားကွင်းကို မလုပ်ချင်ကြတော့ဘူး။ နောက်ပြီး ပြည်ပကဝင်လာတဲ့ဆားတွေနဲ့လည်း အရည်အသွေးအရ ဈေးနှုန်းအရ မယှဉ်နိုင်တဲ့အပိုင်းတွေရှိနေတယ်ဟု ပြောသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် ၂၀၀၈ ခုနှစ် နာဂစ်အပြီးဆားကွင်းနှင့် ဆားထုတ်တောင်သူဦးရေ လျော့နည်းလာခဲ့ သည်။ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ဆားတောင်သူ ၈၀၀ ကျော်၊ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် တောင်သူ ၅၀၀ကျော်၊ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် တောင်သူ ၄၀၀ ကျော် ၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် တောင်သူ ၃၀၀ ကျော်စသည်ဖြင့် အသီးသီးလျော့နည်း လာရာမှ၂၀၁၈-၂၀၁၉ ခုနှစ်၏ ကနဦးစာရင်းအရ ၃၉၀ အထိရှိခဲ့ကြောင်းသိရသည်။ ဆားဈေးကွက်အတွင်းသို့ တရုတ်နှင့် ထိုင်းဘက်ကဝင်လာသည့် ဆားချောများရှိနေကြောင်း၊ ဆားကို ငါးပိ၊ ငါးခြောက်လုပ်ငန်းများတွင် အသုံးပြုသလို စိုက်ပျိုးရေး လုပ်ငန်းများဖြစ်သည့် စပါးနှင့်ဘိန်းစိုက်ခင်းများတွင်ဓာတ်ဆားသဘောမျိုးအဖြစ် ဆားပက်၍ အသုံးပြုကြကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် အများဆုံးထုတ်လုပ်ကြောင်း၊ တစ်နှစ်လျှင် တစ်နိုင်ငံလုံး ဆားထုတ်လုပ်မှုတန်ချိန် ၂၀၀၀၀၀ ရှိကြောင်းသိရသည်။ ဆားလုပ်ငန်းကို စက်တင်ဘာလကစတင်ပြီး မေလ အထိလုပ်ကိုင်ကြသည်။

Source: မြန်မာတောင်သူကြီးများဂျာနယ်

https://www.facebook.com/sitepyo/posts/2441856099432722?__tn__=K-R

## နိုင်ငံတကာဆန်အရည်အသွေးယှဉ်ပြိုင်မည့် မြန်မာ့ပေါ်ဆန်းမွှေးမြည်းစမ်းပွဲတော် ရန်ကုန်၌ကျင်းပ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Heilongjiang Province တွင် အောက်တိုဘာ ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပမည့် ဒုတိယ အကြိမ် အပြည်ပြည်ဆိုင်ရာ ဆန်စပါးပွဲတော်သို့တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသည့် မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုး ထုတ်လုပ်သူများအသင်းမှ ပါဝင်တက်ရောက်မည်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ဆန်စပါးပွဲတော်တွင် နိုင်ငံတကာမှ ဆန်များ၏အရည်အသွေးများကို အကဲဖြတ်ပြီးဆုများပေးအပ်မည်ဖြစ်ရာ မြန်မာနိုင်ငံမှ ပေါ်ဆန်းမွှေးဆန်ပါဝင် ပြသ

ယှဉ်ပြိုင်မည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်မည့် ရွှေဘိုပေါ်ဆန်းမွှေးနှင့် မြောင်းမြပေါ်ဆန်းမွှေးတို့၏ အကဲဖြတ် မြည်းစမ်းသည့် ပွဲတော်ကို အောက်တိုဘာ ၈ ရက်က ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုး ထုတ်လုပ်သူများအသင်းရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်က ပေါ်ဆန်းမွှေးဆန် မြည်းစမ်းပွဲတော်ပြုလုပ်ရခြင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက ရွှေဘိုနှင့်မြောင်းမြ ပေါ်ဆန်းမွှေးတို့၏ အရည်အသွေးကိုမြည်းစမ်းပြီး အကဲဖြတ်အမှတ်ပေးကြသည်။ အမှတ်အများဆုံးရရှိသည့် ဆန်ကို အပြည်ပြည်ဆိုင်ရာဆန်စပါးပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ၂၀၀၉ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ CEBU မြို့တွင် ကမ္ဘာ့ဆန် အသင်းမှကြီးမှူးကျင်းပသည့် ဆန်စပါးညီလာခံတွင် မြန်မာ့ပေါ်ဆန်းမွှေးဆန်မှာ ကမ္ဘာ့အကောင်းဆုံးဆန်အဖြစ် သတ်မှတ် ခြင်းခံရပြီး ဆုရရှိခဲ့သည်။

Source: https://www.facebook.com/MYANMAALINNNEWS/posts/2022967267943771

## မြန်မာ့ဖရဲကိုဟောင်ကောင်ကို တင်ပို့သွားမည်



လာမယ့်လအတွင်းမှာ မြန်မာ့ဖရဲကို ဟောင်ကောင်ကို တင်ပို့သွားမှာဖြစ်ကြောင်း မြန်မာနိုင်ငံဖရဲ ၊ သခွားစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှသိရပါတယ်။ မြန်မာ့ဖရဲကို ဟောင်ကောင်မှ အမှာရှိတာကြောင့် နိုဝင်ဘာလအတွင်းမှာ တင်ပို့သွားမှာဖြစ်တယ်လို့ မြန်မာနိုင်ငံဖရဲ ၊ သခွားစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှဥက္ကဋ္ဌ ဦးနိုင်ဝင်းကပြောပါတယ်။ နိုဝင်ဘာလဆိုရင်တော့ အမှာလေးတွေလည်းရှိလာတော့ မြန်မာ့ဖရဲကိုတင်ပို့ပေးရတော့မှာ။ နောက်လထဲမှာ ဟောင်ကောင်ကို တင်ပို့ပေးရမယ်။ အခုကတော့ တရုတ်ကိုပဲတင်ပို့နေရတာပါ။ ဒီလလယ်လောက်ဆို တင်ပို့မှုအားကောင်းလာမှာပါ။

ယခင်လပိုင်းအတွင်းက ဖရဲတစ်တန်ကိုယွမ် ၉၀၀ ဝန်းကျင်သာရရှိခဲ့ပြီး ယခုရက်ပိုင်းအတွင်း မြန်မာ့ဖရဲတစ်တန်ကို ယွမ် ၁၅၀၀ မှ ၂၃၀၀ ယွမ်အထိဈေးနှုန်းများရရှိလာကြောင်း အဆိုပါအသင်းမှသိရပါတယ်။ မြန်မာ့ဖရဲကို တရုတ်ကိုအဓိကထား တင်ပို့နေပြီး အခြားပြည်ပဈေးကွက်များကိုလည်း တင်ပို့နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံဖရဲ ၊ သခွား စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရပါတယ်။

Source: https://greenwaymyanmar.com/posts/myanmar_watermelon_export_to_china

## တရုတ်ဈေးကွက်ကို မြန်မာ့စိုက်ပျိုးရေးထွက်ကုန်တွေ တင်ပို့ နိုင်ရေး အမေရိကန်ကူညီ

မြန်မာ့သစ်သီးဝလံ အဓိကဈေးကွက်ဖြစ်တဲ့ တရုတ်ဘက်ကို အရင်လို တရားမဝင်တင်ပို့ခွင့်မရှိတော့ဘဲ တရုတ်အစိုးရရဲ့ တရားဝင်ခွင့်ပြုချက်ရမှ ရောင်းချနိုင်တော့မှာမို့ မြန်မာ့စိုက်ပျိုးရေးလောကအတွက် အချိုးအကွေ့ကြီးတခုဖြစ်လာပါတယ်။ တရုတ်ဈေးကွက်ကို သစ်သီးဝလံတင်ပို့ခွင့်အတွက် ပိုးမွှားကင်းစင်မှု ၊ အရည်အသွေးစစ်ဆေးခံရမယ့်အချိန် မြန်မာ စိုက်ပျိုးရေးလောကအတွင်း အမေရိကန်အကူအညီနဲ့ တချို့တဝက်တော့ အဆင်သင့်ရှိနေပါတယ်လို့ ပြောဆိုလာတဲ့ မြန်မာ နိုင်ငံထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းရဲ့ တွဲဖက်အတွင်းရေးမှူး ကိုကျော်စိုးမင်းနဲ့ဆက်သွယ် မေးမြန်းပြီး ဒီသတင်းပတ်စီးပွားရေးကဏ္ဍမှာ မသိင်္ဂီထိုက်တင်ပြထားပါတယ်။

Source: https://www.facebook.com/kope.aung

facebook.com/kope.aung

## သစ်သီးဝလံတင်ပို့မှုတိုးတက်စေရန် ပြည်ပနိုင်ငံများနှင့်ပူးပေါင်းမည်



သစ်သီးဝလံကဏ္ဍမှ ပြည်ပဝင်ငွေ နှစ်စဉ်အမေရိကန်ဒေါ်လာသန်းတစ်ရာဝန်းကျင်သာရရှိနေပြီး နည်းပါးနေသည့်အတွက် ပိုမိုတိုးတက်တင်ပို့လာနိုင်စေရန် ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမာန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းမှသိရသည်။ သန်း ၁၀၀ ဆိုတာ ကျွန်တော်တို့နိုင်ငံအတွက် နည်းပါးတဲ့ပမာဏတစ်ခုဖြစ်ပါတယ်။ တိုးတက်အောင်လို့လည်း ဈေးကွက်တွေရှာနေပါတယ်။ ပြည်တွင်းက ထွက်ရှိတဲ့ သီးနှံတွေကို ပြည်ပနိုင်ငံတွေက စိတ်ဝင်စားတာရှိပေမယ့် သူတို့လိုချင်တဲ့ပမာဏတစ်ခုကို ကျွန်တော်တို့နိုင်ငံက မထုတ်ပေးနိုင်သေးဘူး။ သီးနှံတွေကို အလှမ်းဝေးတဲ့နိုင်ငံတွေကို ရောင်းပေးနိုင်ဖို့ ကျွန်တော်တို့အတွက် အခက်အခဲတွေ ရှိနေသေးတယ်ဟု အသင်းအတွင်းရေးမှူး ဦးကျော်သူကပြောသည်။ လက်ရှိတွင် ပြည်တွင်းစိုက်ပျိုးထွက်ရှိသော သီးနှံများ အနက် (၈) မျိုးကို တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခွင့်ရရှိထားသော်လည်း သီးနှံလေးမျိုးသာ တင်ပို့နိုင်သေးသည်။ သီးနှံအများစုက မူဆယ်ကနေဘဲသွားလို့ရတာကြောင့် လမ်းပိတ်ရင် အခက်အခဲတွေကြုံရလို့ အခြားလမ်းကြောင်းတွေကလည်း တင်ပို့နိုင်အောင် ကြိုးစားနေတယ်ဟုလည်း ၎င်းကပြောသည်။

ထို့ကြောင့် အစိုးရအချင်းချင်းချိတ်ဆက်ရောင်းချနိုင်သည့် ခိုင်မာသည့်ဈေးကွက်ဖြစ်လာရန်လိုအပ်ပြီး မူဆယ်ဈေးကွက်တစ်ခုတည်းကို မှီခိုရောင်းချခြင်းထက် တရုတ်ပြည်မကြီးအထိ ဈေးကွက်ထိုးဖောက်နိုင်ရန် ဆောင်ရွက်သင့်ကြောင်း၊ အာဆီယံနိုင်ငံများသို့လည်း တင်ပို့နိုင်ရန် နည်းပညာအကူအညီများ၊ ဈေးကွက်ချိတ်ဆက်မှုများလိုအပ်နေကြောင်း၊ အဆိုပါကဏ္ဍများမှာ တောင်သူတစ်ဦးတည်းကြိုးပမ်း၍ မရနိုင်ဘဲ ပံ့ပိုးမှု များစွာ လိုအပ်နေ ကြောင်း ဥရောပဈေးကွက်သို့ စိန်တလုံးသရက်ကို စတင်ထိုးဖောက် ရောင်းချနိုင်ခဲ့သူမြတ်ရတနာသရက်ခြံပိုင်ရှင် ဦးစိုးသန်းက သုံးသပ်သည်။

ဒီကဏ္ဍဖွံ့ဖြိုးဖို့ ဘက်ပေါင်းစုံက ပါဝင်ကူညီပူးပေါင်းဆောင်ရွက်မှရပါမယ်။ စိုက်ပျိုးရေးကဏ္ဍက စိုက်တာနဲ့မပြီးဘူး။ ရောင်းတတ်ဖို့လိုလည်းလိုတယ်။ အစိုးရအချင်းချင်း ညှိနှိုင်းဆောင်ရွက်ပေးမှရမယ့်ကိစ္စတွေရှိမယ်။ တောင်သူကိုယ်တိုင်လုပ်လို့မရတာတွေရှိတယ်။ တရုတ်ကိုပို့မယ်ဆို မူဆယ်တစ်ပေါက်ပဲဖွင့်ထားတယ်။ လေယာဉ်နဲ့ကွမ်ကျိုးကို ပို့ချင်လည်းမရဘူး။ အစိုးရအချင်းချင်းညှိနှိုင်းမှရမယ်။ ကုန်သည်ပိုင်းကလည်း ဈေးကွက်ရှာပေးရမယ်။ တောင်သူက တိုက်ရိုက်အရောင်းအဝယ်လုပ်ဖို့အစဉ်မပြေဘူး။ ကြားထဲကကုန်သည်တွေ၊ ကုမ္ပဏီလိုတွေကတစ်ဆင့် ချိတ်ဆက်ရောင်းချကြရမယ်။ တောင်သူဘက်က အရည်အသွေးကောင်းရင် ဘယ်မှာဖြစ်ဖြစ်ရောင်းလို့ရမယ်။ စိုက်ပျိုးတောင်သူဘက်ကလည်း အရည်အသွေးထိန်းကြရမယ်။ ရိတ်သိမ်းချိန်လွန်နည်းပညာကို ပိုကျွမ်းကျင်အောင် လုပ်ဖို့လည်းလိုမယ်ဟု ၎င်းကအကြံပြုသည်။

Source: **The Farmer Media.**

https://www.facebook.com/myanmaawba/?ref=page_internal

## လက်ဖက်ကို နေလှန်းခြောက်ပြုလုပ်ခြင်းထက် ရွက်စိမ်းရောင်းချမှုများလာ

လက်ဖက်တစ်ပိုင်တစ်နိုင်စိုက်ပျိုးသူများက ကိုယ်တိုင်နေလှန်းခြောက်ပြုလုပ်ခြင်းထက် ရွက်စိမ်းရောင်းချမှုပိုများလာကြောင်း ပင်းတယမြို့နယ် ဇော်ဂျီကျေးရွာမှ ဇော်ဂျီအဆင့်မြင့်လက်ဖက်ခြောက် စက်ရုံပိုင်ရှင် ဒေါ်မြမြဝေ၏ ပြောဆိုချက်အရသိရသည်။ နေလှန်းခြောက်လုပ်ဖို့ အိမ်မှာပေါင်းရမယ်၊ နယ်ရမယ်၊ နေပူလှန်းရမယ်။ အဲဒီတော့ တစ်ပိုင်တစ်နိုင်လုပ်ရင်တောင် လူတစ်ယောက် အမြဲတမ်းလိုတယ်။ ရွက်စိမ်းဆိုရင် အလုပ်မရှုပ်တော့ဘူး။ အခု ရွက်စိမ်းဈေး လည်း မြင့်လာတဲ့အတွက် နေလှန်းခြောက်ထက်ပိုပြီး တွက်ခြေကိုက်တယ်ဟု ဒေါ်မြမြဝေကပြောသည်။ နေလှန်းခြောက်ပြုလုပ်ရာတွင် လက်ဖက်စိမ်းငါးပိဿာ နေလှန်းပါက လက်ဖက်ခြောက် တစ်ပိဿာရရှိသော်လည်း ငွေကြေးကွာဟမှု မရှိသဖြင့် ရွက်စိမ်းအတိုင်းသာ ရောင်းချလာခြင်းဖြစ်သည်။

ရွက်စိမ်းတစ်ပိဿာလျှင် ယခင်က ငွေကျပ် ၈၀၀ မှ ၁၀၀၀ ဝန်းကျင်၊ ရွှေဖီမိုးလွတ်တစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀၊ မိုးရာသီကာလအတွင်း ထွက်ရှိသည့် ခါးကန်လက်ဖက်တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀ ဝန်းကျင်အထိ ရှိကြောင်း ဖော်ဂျီရေထွက်ဒေသရှိ လက်ဖက်စိုက်ပျိုးသူ ဒေါ်သန်းကြည်ကပြောသည်။ လက်ဖက်ကို ပြာသို၊ တပို့တွဲလမှအပ တစ်လလျှင် သုံးကြိမ်ဖြင့် ခူးဆွတ်လေ့ရှိပြီး လက်ဖက်ခူးဆွတ်ခမှာ တစ်ပိဿာ လျှင် ငွေကျပ် ၅၀၀ ပေးရကြောင်း၊ အရွက်နုမှာ အခါးပေါ့လေ့ရှိပြီး အရွက်ရင့်မှာ အခါးပိုလေ့ရှိရာ လက်ဖက်ခူးဆွတ် ရာတွင် နှစ်ရွက်တစ်ညွှန့်ခူးပါက ဈေးပိုရရှိသော်လည်း အလေးချိန်ပေါ့သည့်အတွက် ယင်းစနစ်အတိုင်း ခူးဆွတ်မှု နည်းပါးကြောင်းသိရသည်။

တစ်နှစ်လျှင် လက်ဖက်စိမ်း တစ်ဧကအထွက်နှုန်း ပိဿာချိန် တစ်ထောင်ဝန်းကျင် ထွက်ရှိပြီး ငွေကျပ် ၁၂ သိန်းခွဲဝန်းကျင်ရရှိကာ သီးညှပ်စိုက်ပျိုးထားသည့်အတွက် တစ်နှစ်ပတ်လုံး ရေသွင်းနေသောကြောင့် လက်ဖက်ပင်မှာ ဖြစ်ထွန်းအောင်မြင်ကြောင်း သိရသည်။ လတ်တလောတွင် ပင်းတယမြို့နယ်၌ စက်ပစ္စည်းအစုံအလင်ဖြင့် ရွက်စိမ်း ခြောက် ပြုလုပ်သည့် စက်ရုံ ၁၀ ရုံခန့်ရှိကြောင်းသိရသည်။

**Source: Myawady**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2389-dry-green-tea.html

## ထားဝယ်အထူးစီးပွားရေးဇုန်ကို အကောင်းဆုံးလုပ်ဆောင်မယ်လို့ ထိုင်းနိုင်ငံပို့/ဆက်ဝန်ကြီးကတိပြု




ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းကို မြန်မာနိုင်ငံအတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်မယ်လို့ ထိုင်းနိုင်ငံပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး Mr.Saksayam Chi-dchob က ကတိပြုပြောကြားပါတယ်။ Mr.Saksayam Chidchob က ထားဝယ်ရေနက်ဆိပ်ကမ်းကြီးရော၊ လမ်းပိုင်းဆိုင်ရာရော ပြီးစီးအောင် အောင်အောင်မြင်မြင်ဖြစ်အောင် ပူးပေါင်းဆောင်ရွက်သွားမယ်လို့ ကျွန်တော်ကတိပြုပါတယ်၊ နှစ်နိုင်ငံပြည်သူများလဲ အကျိုးရရှိမယ်လို့ ကျွန်တော့်အနေ နဲ့ မျှော်လင့်ပါတယ်လို့ပြောပါတယ်။ အောက်တိုဘာလ ၃ ရက်နေ့က နေပြည်တော်မှာပြုလုပ်တဲ့ ထားဝယ်အထူး စီးပွားရေးဇုန်ကနဦးစီမံကိန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုးကြိမ်မြောက် မြန်မာ-ထိုင်းပူးတွဲလုပ်ငန်း ကော်မတီ (JCC) ဝန်ကြီးအဆင့် အစည်းအဝေးအပြီး သတင်းစာရှင်းလင်းပွဲမှာ အခုလိုပြောကြားတာပါ။

ထားဝယ် အထူးစီးပွားရေးဇုန် စီမံကိန်းဟာ မြန်မာနိုင်ငံရဲ့ အဓိကအထူးစီးပွားရေးဇုန်စီမံကိန်း သုံးခုထဲမှာ ပါဝင်ပါတယ်။ အစိုးရအနေနဲ့ ၂၀၀၈ ခုနှစ်ကတည်းက စတင်ခဲ့တာဖြစ်ပြီး ဇုန်ရဲ့ကနဦးစီမံကိန်းအတွက် အီတာလျံ-ထိုင်းကုမ္ပဏီက လုပ်ကိုင်ခွင့်ရရှိခဲ့ပါတယ်။ ဒါပေမဲ့ ကုမ္ပဏီဘက် ကအကောင်အထည်ဖော်နိုင်မှု အားနည်းခဲ့တာ ကြောင့် လုပ်ငန်းစဉ်တွေ ရပ်နားနေခဲ့ရတယ်။ ၂၀၁၅ ခုနှစ်မှ ပြန်လည်ညှိနှိုင်း ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ထားဝယ် အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရဲ့ ဥက္ကဋ္ဌဖြစ်သလို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က စီမံကိန်းရဲ့တည်နေရာ၊ အဲဒီတည်နေရာမှာရှိတဲ့ အခြေခံ အဆောက်အအုံများရဲ့ ဖြစ်ပေါ်တိုးတက်မှု အခြေအနေတွေရယ် အစရှိတဲ့အခြေအနေတွေကြောင့် ထားဝယ်အထူးစီးပွားရေးဇုန်က ကြံစည်ကြိုးစားခဲ့တဲ့ အချိန်ကနေစရင်တော့ အချိန်ကြန့်ကြာနေခဲ့ပြီး ဖြစ်ပေါ်တိုး တက်မှုဟာ မျှော်မှန်းသလောက်တော့ မရသေးတာ ဖြစ်ပါတယ်လို့ ပြောပါတယ်။

ထားဝယ်အထူးစီးပွားရေးဇုန်ကို အ ကောင်အထည်ဖော်ဖို့ လမ်းပန်းဆက် သွယ်ရေးအဆင်ပြေဖို့နဲ့ လျှပ်စစ်မီးရရှိရေး က အရေးကြီးတာကြောင့် လက်ရှိမှာ သည်နှစ်ချက်ကို ဦးစားပေး ဆောင်ရွက်နေတယ်လို့ ဒုဝန်ကြီး ဒေါက်တာထွန်းနိုင် က ဆိုပါတယ်။ လမ်းပိုင်းအတွက် ဇုန်ကနေ မြန်မာ-ထိုင်းနယ်စပ်ကို ဆက်သွယ်မယ့် နှစ်လမ်းသွား ကားလမ်း ဖောက်လုပ်နိုင်အောင် ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ အိမ်နီးချင်းတိုင်းပြည်တွေ စီးပွားဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ (NEDA) တို့ ညှိနှိုင်းဆောင်ရွက်နေပြီဖြစ်ပါတယ်။ သည်လမ်းပိုင်းအတွက် မြေပြင်တည် ဆောက်ရေးလုပ်ငန်းတွေကို ၂၀၂၀ မှာ စတင်နိုင်မယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ကားလမ်းအတွက် ချေးငွေစာချုပ် ချုပ်ဆိုမှာဖြစ် တယ်။ သည်လမ်းအတွက်

ဘတ်ငွေ ၄.၅ ဘီလျံချေးယူဖို့ သဘောတူထားပြီးဖြစ်ပါတယ်။ ဒေါက်တာထွန်းနိုင်က လမ်းပြီးမြောက်သွားပြီဆိုရင် နှစ်နိုင်ငံထွက်ကုန်တွေကို တစ်နိုင်ငံကနေတစ်နိုင်ငံပို့ဆောင်ပြီး ကူးသန်းရောင်းဝယ်မှုလဲ တိုးတက်လာပါမယ်၊ ယဉ်ကျေးမှု ဖလှယ်တာတွေလဲ တိုးတက်လာပါမယ်၊ ခရီးသွားလာမယ့် အစီအစဉ်တွလဲ အများကြီး တိုးတက်ကောင်းမွန်လာမှာ ဖြစ်ပါတယ်လို့ ပြောပါတယ်။

အထူးစီးပွားရေးဇုန်အတွက် နောက်ထပ် အခြေခံလိုအပ်ချက်တစ်ခုကတော့ လျှပ်စစ်ဓာတ်အားရရှိရေးဖြစ်ပါတယ်။ လက်ရှိမှာ တနင်္သာရီတိုင်းဒေသကြီးဟာ မဟာဓာတ်အားလိုင်းကနေ လျှပ်စစ်ဓာတ်အား မရသေးပါဘူး။ သည့်အခြေ အနေကို အမြန်ဆုံးကျော်လွှားနိုင်ဖို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အာရှဖွံ့ဖြိုးရေးဘဏ်ကနေ သက်သာတဲ့ ချေးငွေ ရရှိအောင် ဆောင်ရွက်ထားပါတယ်။ လက်ရှိမှာ မဟာဓာတ်အားလိုင်း တည်ဆောက်နိုင်ဖို့ ဆောင်ရွက်နေပါတယ်။ မဟာဓာတ်အားလိုင်းက မော်လမြိုင်ကနေ ရေး-ထားဝယ်အထိရောက်အောင်တည်ဆောက်ပြီးရင် ဒီဓာတ် အားလိုင်းကနေ တစ်ဆင့် ထားဝယ်အထူး စီးပွားရေးဇုန်ကို လျှပ်စစ်ဓာတ်အားရရှိနိုင်အောင် စီစဉ်ထားပါတယ်။ ဒေါက်တာ ထွန်းနိုင်က လမ်းရဲ့ပြီးစီးမှုနဲ့ လျှပ်စစ်ဓာတ်အားရရှိမှုဟာ မရှေး မနှောင်းသို့မ ဟုတ်တစ်ပြိုင်တည်းရရှိအောင် ဆောင် ရွက်နေပါပြီလို့ ပြောပါတယ်။ ထားဝယ်အထူးစီးပွားရေးဇုန်ရဲ့စုစုပေါင်း အကျယ်အဝန်းဟာ ၁၉၆ စတုရန်း ကီလိုမီတာ ရှိပါတယ်။ ကနဦးစီမံကိန်း အ တွက် ၂၇ စတုရန်းကီလိုမီတာသတ်မှတ် ထားပါတယ်။ ဒါ့အပြင် ကနဦးစီမံကိန်းကို အပိုင်း လေးပိုင်းခွဲပြီး ဆောင်ရွက်မှာပါ။ ပထမပိုင်းကနေတတိယအပိုင်းအထိ ခုနစ် စတုရန်းကီလိုမီတာစီ သတ်မှတ်ပါတယ်။ စတုတ္ထပိုင်းကိုတော့ ခြောက်စတုရန်းကီလို မီတာသတ်မှတ်ထားပါတယ်။

ထားဝယ်အထူးစီးပွားရေးဇုန် ကနဦး စီမံကိန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုးကြိမ်မြောက် မြန်မာ-ထိုင်းပူးတွဲလုပ်ငန်း ကော်မတီ (JCC) ဝန်ကြီးအဆင့်အစည်းအဝေးမှာ သဘောတူညီချက် ခုနစ်ချက်ရရှိထားပါတယ်။ ဒီအချက်တွေ ကတော့ မြန်မာနဲ့ထိုင်းနိုင်ငံထားဝယ်အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်ဆောင်ရွက်ရေး၊ လက်ရှိစတင် ဆောင်ရွက်နေတဲ့ နှစ်လမ်းသွားကားလမ်းဖောက်လုပ်ရေးကို နှစ်ဖက်စလုံးက အသိအမှတ်ပြုခြင်း၊ မြန်မာဘက် က ဒုတိယသမ္မတနဲ့ ထိုင်းဘက်က ဒုတိယဝန်ကြီးချုပ် ဦးဆောင်တဲ့ ကော်မတီအစည်းအဝေးကို မကြာခင်မှာ အမြန်ဆုံး ကျင်းပရေး၊ ကနဦးစီမံကိန်းနဲ့ပင်မစီမံကိန်း ကို တစ်ပြိုင်တည်းစတင်ဆောင်ရွက်ရေးစတဲ့အချက်တွေကို သဘောတူညီခဲ့ပါ တယ်။ ထားဝယ်အထူးစီးပွားရေးဇုန် နယ်မြေအတွင်းမှာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် မြန်မာဘက်က ဆောင်ရွက် နေတဲ့ အစီအစဉ်တွေကိုတင်ပြနိုင်ခဲ့ပြီး ဇုန်အတွက်ရင်းနှီးမြှုပ်နှံသူတွေကို နှစ်ဖက်စလုံးက ဖိတ်ခေါ်ရေး၊ ၁၀ ကြိမ်မြောက်အစည်းအဝေးကို ထိုင်းနိုင်ငံမှာ မကြာခင်ကျင်းပရေး စတဲ့အချက်တွေကိုလည်း သဘောတူညီမှု ရရှိခဲ့တယ် လို့ သိရပါတယ်။

**Source:** https://www.kumudranews.com/news-

## အိန္ဒိယ-မြန်မာ ရေနံပိုက်လိုင်းသွယ်တန်းမည်



အိန္ဒိယနိုင်ငံအရှေ့မြောက်ဒေသကနေ မြန်မာနိုင်ငံကို တင်ပို့နိုင်ဖို့ ရေနံပိုက်လိုင်းတစ်ခု တည်ဆောက်သွယ်တန်းမယ်လို့ အာသံပြည်နယ် စက်မှုဝန်ကြီးက ပြောကြားကြောင်း The Economic Time အွန်လိုင်း သတင်းမှာ အောက်တိုဘာလ ၅ ရက် နေ့စွဲနဲ့ ဖော်ပြထားပါတယ်။ အာသံပြည်နယ်စက်မှုဝန်ကြီးချန်ဒရာမိုဟမ်ပတ်ဝါရီက ပြောကြားရာမှာ ရေနံသန့်စင်စက်ရုံနှစ်ခုဖြစ်တဲ့ Numaligarh နဲ့ Bongaigaon တို့က ရေနံစိမ်းထုတ်ကုန်တွေကို ပိုက်လိုင်းကတစ်ဆင့် မြန်မာနိုင်ငံ ကို တင်ပို့နိုင်ဖို့ဖြစ်တယ်လို့ဆိုပါတယ်။ 'အာသံပိုက်လိုင်းက စတင်နေပါပြီ၊ ဘီဟာပြည်နယ် ဘာရာယူနီကနေ ဂူဝပ်ဟာတီအထိ စနေပြီ၊ GAIL အိန္ဒိယလီမိတက်က လုပ်နေပါတယ်၊ ရူပီးဘီလျံ ၆၀၀၀ ကျော် ရင်းနှီးမြှုပ်နှံမယ့် ပရောဂျက် ဖြစ်ပါတယ်လို့ ဝန်ကြီးပတ်ဝါရီပြောကြားချက်ကို ဖော်ပြထားတာလည်း တွေ့ရပါတယ်။

ဒီစီမံကိန်းဟာ ပြည်နယ်အစိုးရရဲ့ အခြားစီမံကိန်းတွေဖြစ်တဲ့ ဆေးဝါးစက်မှုဇုန်၊ အထည်အလိပ်ဇုန်၊ အသေးစား အလတ်စား စက်မှုလက်မှုလုပ်ငန်းဇုန်တွေနဲ့အတူ ရင်းနှီးမြှုပ်နှံလုပ်ဆောင်နေတာဖြစ်တယ်လို့ဆိုပါတယ်။ ဒီအထဲမှာ ဘက်စုံသုံး ထောက်ပံ့သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုစီမံကိန်းလည်း ပါဝင်နေပါတယ်။ ဒါဟာ အိန္ဒိယနိုင်ငံအရှေ့မြောက်ဒေသနဲ့ အရှေ့တောင်အာရှနိုင်ငံတွေဆီကို ချိတ်ဆက်နိုင်မယ့် မျှော်လင့်ချက်လည်းဖြစ်ပါတယ်။ ဒီစီမံကိန်းတစ်ခုချင်းစီအတွက် ရင်းနှီးမြှုပ်နှံမှုတွေက ရူပီး ၉၀၀ ဘီလျံ၊ ၂၀၀ ဘီလျံ၊ ၆၀၀ ဘီလျံစသဖြင့် အသီးသီးရှိတယ်လို့ ဆိုပါတယ်။

အိန္ဒိယနိုင်ငံဟာ အရှေ့တောင်အာရှဒေသနဲ့ နိုင်ငံရေး၊ စီးပွားရေး ချိတ်ဆက်ကူးလူး ဆက်ဆံနိုင်ဖို့ ဒီဘက်နှစ်တွေမှာ ပိုမိုအားထုတ်လာတာတွေ့ရပါတယ်။ ဒီအီကိုနောမစ်တိုင်းမ်ကဖော်ပြတဲ့ အခုသတင်းရဲ့အဆုံးမှာ အာသံပြည်နယ် အစိုးရဟာ မြန်မာနိုင်ငံနဲ့သာမက ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံကုမ္ပဏီတွေနဲ့လည်း ရင်းနှီးမြှုပ်နှံမှုတွေ ဆွဲဆောင်နိုင်ဖို့ ကြိုးပမ်းအားထုတ် နေကြောင်းဖော်ပြထားပါတယ်။

**Source:** https://www.kumudranews.com/news

## STOCK EXCHANGE (9.10.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 9th Oct. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 11,500 | 11,500 | 11,500 | 2,599 | 29,888,500 | 27,112,747 | 311,797 |
| MTSH | 00002 | 3,650 | +50 | +1.39% | 3,600 | 3,700 | 3,600 | 21,258 | 77,251,250 | 38,929,150 | 142,091 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 0 | 0 | 10,400,986 | 86,328 |
| FPB | 00004 | 22,500 | -500 | -2.17% | 22,500 | 22,500 | 22,500 | 11 | 247,500 | 2,472,053 | 55,621 |
| TMH | 00005 | 2,950 | +0 | +0.00% | 2,900 | 2,950 | 2,900 | 683 | 2,013,300 | 12,823,224 | 37,829 |

### Market summary

As of 9th Oct. 2019

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 462.76 | +0.52 | +0.11% | 461.77 | 464.18 | 461.77 | 24,551 | 109,400,550 | 5 | 633,666 |

**Index chart**



## Market Overview

As of 1:00 pm, 9th Oct. 2019

| MYANPIX | 462.76 ▲ 0.52 |
|---|---|
| Total Volume (shares) | 24,551 |
| Total Value (MMK) | 109 mil |
| Listed Company | 5 |
| Market Cap. (MMK) | 633,666 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 0 |
| MTSH | 00002 | 3,650 | ▲ 50 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 22,500 | ▼ 500 |
| TMH | 00005 | 2,950 | ▲ 0 |

TIR